

ဟိန်းလတ်

နိုင်ငံခြားရေးဝန်ကြီး

# THE SECRETARY

## အမှာ စာ

ကျွန်တော် ရေးခဲ့သော နိုင်ငံရေး အတ္ထုပ္ပတ္တိစာရင်းမှာ တော်တော်ပင် ရှည်လျားလာချေပြီ။

ဆိုဗီယက်ယူနီယံမှ “ဆိုရှယ်လစ်သူရဲကောင်း ဇာဇင်စကီး”၊ “အိန္ဒိယမျိုးချစ်သူရဲကောင်း ဆူဘတ်ချန္ဒရာဘို့စ်”၊ “ဘာသာရေးဒဿနဆရာ ဆွာမိဝိဝေကာနန္ဒ”၊ “ရာဝိန္ဒရာနတ်သ်တဂိုး”၊ တရုတ်ပြည်မှ “မော်စီတုံးနတ်သိကြားမဟုတ်၊ လူသား”၊ “နိုင်ငံရေးသုခမိန် တိန့်ရှောက်ဖိန်”၊ “မြောက်ကိုရီးယားခေါင်းဆောင်ကင်မ်ဂျုံအီ”၊ “တောင်ကိုရီးယားသမ္မတလီမြောင်ဘတ်”၊ “မန်ယူ ပွဲကိုင်ရှင် ဖာဂူဆန်”၊ “လူမည်းခေါင်းဆောင်ဒစ်ဂရေဂိုရီ”၊ “အမေရိကန်သမ္မတ အိုဘားမား၏ ဖေဖေ့ ထံမှ ပေးစာများ”၊ “သမ္မတကတော် မီရှယ်အိုဘားမား” စသဖြင့် စသဖြင့်။

“ဟီလာရီကလင်တန်” အကြောင်းကိုမူ သုံးအုပ် ဆက်တိုက်ရေးဖူးသည် ။

### ၁။ရှင်သန်နေသော သမိုင်းကြောင်း (၂၀၀၆)

“ဟီလာကလင်တန်” ကိုယ်တိုင်ရေးသော သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ Living History မှ တိုက်ရိုက် မြန်မာ ပြန်ခြင်းဖြစ်ပါသည် ။

### ၂။ရှင်သန်နေသော သမိုင်းကြောင်း နောက်ဆက်တွဲ (၂၀၀၉)

ဤစာအုပ်ကတော့ ဟီလာရီကလင်တန်အကြောင်း ကမ္ဘာ့စာနယ်ဇ င်းအသီးသီးမှ ရေးသား ချက်များကို ဖတ်ရှုသုံးသပ်ကာ စုစည်းရေးသား ထားသောစာအုပ်ဖြစ်သည် ။

## ၃။သမိုင်းဝင်ခရီးစဉ် (၂၀၁၂)

ဟီလာရီကလင်တန် မြန်မာပြည်သို့ ချစ်ကြည်ရေးခရီးလာရောက်ပုံ ကို ကိုယ်တိုင် သတင်း ယူပြီး ရေးသားခဲ့သော စာအုပ်။

ယခု "ဟီလာရီကလင်တန်" အကြောင်းကို စတုတ္ထမြောက်စာအုပ်အဖြစ် ရေးသားမိပြန်ပြီ။

ဤစာအုပ်က စာရေးသူ "ကင်မ်ဂါးထားစ်" ရေးသော "The Secretar y" စာအုပ်ကို မြန်မာပြန်ဆိုခြင်း ဖြစ် ပါသည် ။ ၂၀၁၃ ခုနှစ်၊ မတ်လကမှ နယူးယောက်မြို့၊ တိုင်းမ်စ်စာအုပ်တိုက်မှ ထွက်ရှိသော နောက်ဆုံးထုတ် စာအုပ် ဖြစ်သည် ။

စာရေးသူ "ကင်မ်ဂါးထားစ်" သည် နိုင်ငံခြားရေးဝန်ကြီးဟီလာရီ၏ နိုင်ငံခြားခရီးစဉ်များကို လေးနှစ်လုံးလုံး လိုက်ပါခွင့်ရသူ အမေရိကန်နို င်ငံခြားရေးဝန်ကြီးဌာနမှ သတင်းစာဆရာမ ဖြစ်ပါ သည် ။ သူက တက ယ်တော့ ဘေရွတ် နိုင်ငံသူ။ ဘီဘီစီ၏ အရှေ့အလယ်ပိုင်း သတင်းထော က်။ ၂၀၀၆ ခုနှစ်တွင် "လက်ဘနွန်-အစ္စရေးပဋိပက္ခ" သတင်း ရေးသား မှုဖြင့် "အမ်မီသတင်းဆု" ရခဲ့သူဖြစ်သည် ။ ဟီလာရီနှင့် အတူ ကမ္ဘာအ နှံ့ မိုင်ပေါင်း ၃၀၀၀၀၀ ကျော် ခရီး အတူသွားခဲ့သူဖြစ်ပြီး ဟီလာရီကို ကို ယ်တိုင်အင်တာဗျူး ၁၅ ကြိမ် လုပ်ခွင့်ရခဲ့သူလည်း ဖြစ်သည် ။

ဤစာအုပ်တွင် ၂၁ ရာစု၏ "စူပါပါဝါ" မည်သည့် နိုင်ငံဖြစ်မလဲဆိုသ ည် ကိုလည်း အရိပ် အမြွက်တင်ပြထားသည် ။ စီးပွားရေးရော၊ စစ်ရေး

ပါ အင်အားကြီးမားလာကြသော တရုတ်၊ တူရကီ၊ ဘရာဇီး၊ အိန္ဒိယ တို့ကြားတွင် အမေရိကန်၏ ပါဝါက မည်သည့် အဆင့်တွင် ရှိနေသလဲဆိုသည် ကို သုံးသပ်ပြထားသည် ။

“ဟီလာရီကလင်တန်” သည် အမေရိကန်သမ္မတ “ဘီလ်ကလင်တန်” ၏ ဇနီး သမ္မတ ကတော်။ ထို့နောက် ဆီးနိတ်လွှတ်တော်အမတ်။ ထို့နောက် အိုဘားမားနှင့် အတူ သမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံသူ သမ္မတလောင်း။ သူ သမ္မတအရွေးမခံရ။ သို့သော် သူ့ကို သမ္မတ အိုဘားမား က နိုင်ငံခြားရေးဝန်ကြီးခန့်သည် ။ နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို ထူးချွန်ထက်မြက်စွာ ထမ်းဆောင် ခဲ့သည် ။ ယခု သူ နိုင်ငံခြားရေးဝန်ကြီးတာဝန်မှ အနားယူသွားပြီ။ ၂၀၁၆ ခုနှစ်တွင် သူ သမ္မတ လောင်းအဖြစ် ပြန်လည်အရွေးခံမည်ဟူသောသတင်းများ ထွက်ပေါ်နေသည် ။ အကယ်၍ သူသာ သမ္မတအဖြစ် အရွေးခံရလျှင် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံး အမျိုးသမီးသမ္မတ ဖြစ်လာ မည်။

“ဟီလာရီကလင်တန်” အကြောင်းကို ဖတ်ရှုခြင်းသည် အမေရိကန်နိုင်ငံရေးကို လေ့လာ သည် နှင့် အတူတူပင် ဖြစ်သည် ။ အမေရိကန်နိုင်ငံရေးကို လေ့လာခြင်းသည် လည်း ကမ္ဘာ့နိုင်ငံရေး ကို လေ့လာခြင်းနှင့် တူညီပါ သည် ။ ထို့ကြောင့် ရေး၍ မကုန်နိုင်သော “ဟီလာရီကလင်တန်” အကြောင်းကို ကျွန်တော် စတုတ္ထမြောက် ရေးသားလိုက်ရခြင်းဖြစ်ပါသည် ။

အမေရိကန်သမ္မတဟောင်း “ဘီလ်ကလင်တန်” ၏ ဇနီးလည်း ဖြစ်၊ နိုင်ငံခြားရေး ဝန်ကြီး လည်း ဖြစ်ခဲ့သူ “ဟီလာရီကလင်တန်” အကြောင်းကို “Rodham” ဟု အမည်ပေးကာ ၂၀၁၆ ရွေးကောက်ပွဲအမီ ရုပ်ရှင်ရိုက်ကူး ရန်လည်း ပြင်ဆင်နေကြပြီဟု သတင်းကြားရ၏။ ဤဇာ

တ်ကား တွင် မူ “ဟီလာရီ” ၏ ဘ၀အစောပိုင်းကာလများကို အဓိက ထား ပြသသွားမည်ဖြစ်ပြီး သူတို့ ဇနီး မောင်နှံ၏ အိမ်ဖြူတော်ဘ၀များ လည်း ပါဝင်မည်ဖြစ်သည် ။ ဤဇာတ်ကားကို တောင်ကိုရီးယား ဇာတ် ညွှန်းဆရာ “ကင်မ်အီယန်း” က ဇာတ်လမ်းရေးသားပြီး “Spectular No w” ဇာတ် ကားရိုက်ခဲ့ သူ ဒါရိုက်တာဂျိမ်းမွန်ဆိုးက တာဝန်ယူရိုက်ကူးမ ည်ဖြစ်သည် ။

ဇာတ်ညွှန်းဆရာ “ကင်မ်အီယန်း” သည် ဓာတ်ပုံတစ်ပုံကိုကြည့်မိရာ မှ ဟီလာရီ အကြောင်း ကို ဇာတ်လမ်း ရေးသားခဲ့ခြင်း ဖြစ်၏။ ထိုဓာတ် ပုံမှာ “အိုစမာဘင်လာဒင်” ကို ဝင်ရောက်ဖမ်းဆီး တိုက်ခိုက်နေသော “ နေဗီဆီးလ်” အထူးတပ်ဖွဲ့၏ စစ်ဆင်ရေးအခြေအနေကို တိုက်ရိုက်ကြ ည့်ရှု နေချိန်တွင် ရိုက်ကူးထားသောဓာတ်ပုံ ဖြစ်၏။

“ပုံထဲမှာ ပါတဲ့ အမျိုးသားတွေအားလုံးက တင်းမာတဲ့ မျက်နှာထား တွေနဲ့ ကြည့်နေကြ ပါ တယ်။ ဒါပေမယ့် ဟီလာရီကလင်တန်ကတော့ ပါးစပ်ကို လက်နဲ့ အုပ်ထားပြီး တုန်လှုပ်နေတဲ့ ပုံ ပေါ်နေပါတယ်”ဟု “ ကင်မ်အီယန်း”က ပြန်လည်ပြောပြခဲ့သည် ။ ဤသည် ပင်လျှင် “ဟီလာ ရီ”၏ အတွင်းစိတ်သရုပ်မှန်ကို ထင်းပြတ်စွာ ဖော်ပြလိုက်ခြင်း ဖြစ်၏။ အမျိုးသားများ သာ သမ္မတအဖြစ် သမိုင်းစဉ်တစ်လျှောက်လုံးကြီးစိုးခဲ့ သော အမေရိကန်နိုင်ငံတွင် အမျိုးသမီးသမ္မတတစ်ဦးသာ ပေါ် ထွန်း လာပါက ကမ္ဘာ့ပုံရိပ်သည် တစ်နည်းတစ်ဖုံ ပြောင်းလဲလာနိုင်မည်။

“ဟီလာရီ”၏ သိသာထင်ရှားသော လုပ်ရည်ကိုင်ရည်များကိုကား ကမ္ဘာတစ်ခွင်က စောင့် ကြည့်သိရှိခဲ့ ကြပြီးဖြစ်သည် ။ သို့သော် နူးညံ့ပျော့ပျောင်းသော ကိုယ်ချင်းစာတရား ပြည့်ဝသည့် သူ၏ နှလုံး သားပုံရိပ်များကိုတော့ အကဲဖြတ်ရ ခက်ကောင်းခက်နေမည်။ ဤစာအု

ပ်တွင် "ဟီလာရီ"၏ ရုပ်ပိုင်းရော၊ စိတ်ပိုင်းဆိုင်ရာ အရည် အသွေးများကိုပါ ထည့်သွင်းရေးသားထားကာ ၂၀၁၆ ခုနှစ်၊ အမေရိကန်သမ္မတလောင်း "ဟီလာရီကလင်တန်"၏ အနေအထားကို ရိုပ်ဖမ်းသံဖမ်း ထင်ဟပ်ပြထားပါသည်။

ဟိန်းလတ်

* * *

# အခန်း(၁)
# ကမ္ဘာလှည့် ဟီလာရီ

ဝါရှင်တန်အနောက်မြောက်ဘက် ၃၀၆၇ ဗိုလ်ကက်ပေဇင်လမ်း အပြင်ဘက် ဂငယ်ကွေ့ ကားလမ်းပေါ်တွင် အနက်ရောင်ကျည်ကာ ကားဒီးလက်ကားတစ်စင်း ရပ်ထားသည်။

သုံးထပ်တိုက်အတွင်းခန်းတွင် မူ ပြင်ဆင်စရာတွေကို အနားသပ်လုပ်ဆောင်နေကြသည် ။

အမျိုးသမီးနှစ်ဦးက သူတို့ လုပ်ဆောင်ရမည့် အစီအစဉ်တွေအကြောင်း ပြောနေကြ၏။ သူတို့ အိတ်များ ထဲတွင် ဘလက်ဘယ်ရီဘက်ကိုင်ဖုန်းတွေ ပါ-မပါ စစ်ဆေးကြသည် ။ ထို့နောက် အပြင် မထွက်ခင် နှုတ်ခမ်းနီ နောက်ဆုံးအကြိမ် ဆိုးလိုက်ကြသည် ။ “ဖရက်ကက်ချမ်” ကမူ ကားဖြင့် လမ်းပေါ်ထွက်သွားပြီ။ သူ၏ လက်ဝဲဘက် နားတွင် တပ်ဆင်ထားသော ဖုန်းမှ သတင်းတွေကို ဆက်တိုက်နားထောင်နေသည် ။

လမ်းက ရှင်းနေ၏။ ဘယ်လမ်းတွေက သွားရင် ရဦးမှာ လဲဆိုတာကိုလည်း သူ့ခေါင်းထဲမှာ ထည့်ထားသည် ။ အရေးကြုံလျှင် လမ်းကြောင်းပြောင်း မောင်းသင့်မောင်းခိုင်းရမည်။

လွန်ခဲ့သည့် ရက်သတ္တပတ်လုံး သူသည် အမေရိကန်နိုင်ငံခြားရေး ပေါ်လစီတစ်ခုကို ဘဂ္ဂဒက် တွင် အကောင်အထည်ဖော်မည့် လူသုံး

ထောင်၏ လုံခြုံရေးကို တာဝန်ယူခဲ့ရသည် ။ ဘဂ္ဂဒက်သည် ကမ္ဘာပေါ်တွင် အန္တရာယ်အများ ဆုံး သံတမန်လုပ်ငန်း လုပ်ရမည့် နေရာဒေသ ဖြစ်သည် ။ ယခု သူသည် အမေရိက၏ ထိပ်တန်း သံတမန်အဖွဲ့၏ လုံခြုံရေးကို တာဝန်ယူရသည့် ပုဂ္ဂိုလ် ဖြစ်သည် ။ သူ့ဘာသာသူလည်း သတိပေးနေရ၏။

ဒါက အီရတ်နိုင်ငံမဟုတ်။ မုတ်ဆိတ်မွေးထူလပျစ်နှင့် သေနတ်သမား မရှိ။ အန္တရာယ်ပေး နိုင်သည့် လမ်းဆုံ လမ်းခွတွေ မရှိ။ လမ်းဘေး ဗုံးထောင်ထားတာ မရှိ၊ မတော်တဆ ယာဉ်တိုက် ခိုက်မှုတွေကိုတော့ သတိထားနေရ၏။

ယနေ့ သူသည် ပထမနေ့၊ ပထမဆုံး ကားမောင်းတာမို့ ဂရုတော့ စိုက်နေရသည် ။ တတ်နိုင် သမျှ ဘေးကင်းကင်း ချောချောမွေ့မွေ့ဖြစ်စေရန် ကြိုးစားနေရ၏။

ဇန်နဝါရီ အအေးဒဏ်ကတော့ ပြင်းထန်လှ၏။ သူ ကားမောင်းလာရင်းက အဆောက်အအုံ တစ်ခု၏ ဆင်ဝင်နား ရောက်လာသည် ။ ဆိုဗီယက်ဗိသုကာပုံစံဆောက်ထားသော အဆောက် အအုံရှေ့တွင် လူအုပ်စုတစ်စုကို တွေ့ရ၏။

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ နံနက် ကိုးနာရီကျော်ကျော်။ တိုင်လုံးဖြူဖြူကြီး နှစ်ခုကြားမှ အနက် ရောင်တံခါးနှစ်ချပ် ပွင့်လာ၏။ ကော်ဖီညိုရောင်ဝတ်စုံဝတ်ထားသော အရွယ် လတ်ပိုင်း၊ ဆံပင်တိုတို အမျိုးသမီး တစ်ဦး ထွက်လာသည် ။ သူက ကားအလာကို စောင့် နေ၏။

ဆံပင်ရှည်နက်နက်နှင့် ခပ်တောင့်တောင့် အမျိုးသမီးတစ်ဦးက သူ့ဘေးမှာ ကပ်၍ လိုက် လာ၏။

“မင်္ဂလာနံနက်ခင်းပါ ဖရက်”

“ဟီလာရီကလင်တန်” က နှုတ်ဆက်၏။

“မင်္ဂလာနံနက်ခင်းပါ နိုင်ငံခြားရေးဝန်ကြီး”

“ပထမဆုံးနေ့မှာ ရှင် လာကြိုတာ ကျေးဇူးပါပဲ။ ကျွန်မတို့ ရှေ့နှစ်တွေမှာ တော်တော် အလုပ်များကြရမယ့် ပုံပဲ”

ဖရက်က ကားအနောက်ဘက်တံခါးကို ဖွင့်ပေးကာ သူ၏ အလုပ်ရှင်အသစ်စက်စက်ကို ကြိုဆိုလိုက်၏။ ထိုနောက်မှ ရှေ့ဘက်ခန်းတွင် ဝင်ထိုင်၏။ “ဟီလာရီ” ၏ သက်တမ်းရင့် ကိုယ်ရံတော် “ဟူးမားအဘီဒင်” က ဟီလာရီဘေးတွင် ဝင်ထိုင်၏။

နိုင်ငံခြားရေးဝန်ကြီး “ကွန်ဒိုလီဇာရိုက်(စ်)” နှင့် “ကောလင်းပါဝယ်လ်” နှစ်ဆက်တိုင်တိုင် ယာဉ်မောင်းလုပ်ခဲ့သူ “အိုတစ်” က ယာဉ်မောင်းနေရာတွင် ထိုင်လိုက်၏။

ရှေ့တွင် အနက်ရောင် “ဆာ့ဗ်” ကား တစ်စင်း။ နောက်တွင် အနက်ရောင် “ဆာ့” ကား တစ်စင်း ခြံရံလျက် တောင်ကုန်းပေါ်မှ ဆင်းကာ “ဖော်ဂီဘော်ထန်” သို့ သွားကြ၏။ ဤနေရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးစိုက်ခဲ့သည် မှာ ၁၉၄၇ ခုနှစ်ကစ၍ ဖြစ်၏။ ယခင်က မြေရိုင်းကွင်းပြင်ကြီးသည် ယခုတော့ အစိုးရရုံးအဆောက်အအုံတွေ အပြိုင်းအရိုင်း။

ဤနေရာမှာ ပင် ကွေ့ကွေ့ဝိုက်ဝိုက် ဝါးတားဂိတ်အဆောက်အအုံရှိ၏။ သေတ္တာတစ်လုံး ထောင်ထားသလို ပုံစံဖြစ်သော ပြပွဲကပွဲများ ကျင်းပရာ “ကနေဒီစင်တာ” ရှိ၏။

ထိုနေ့နံနက်က ကောင်းကင်ပြင်က ပြာစင်နေ၏။ ဟီလာရီ၏ စိတ်ကလည်း ကြည်လင်နေ ၏။ သူ၏ အလုပ်သစ်အတွက် သူစိတ်လှုပ်ရှား

နေ၏။ သူ့နိုင်ငံအတွက် သူ ဘာတွေလုပ်နိုင်မလဲ။ တစ်ကမ္ဘာလုံးအတွက် အမေရိက ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို သူမည်သို့ဖြေရှင်းနိုင်မလဲ ။

သူ့ကို "ဘားရက်အိုဘားမား" ၏ ကက်ဘိနက်အဖွဲ့က နိုင်ငံခြားရေး ဝန်ကြီးအဖြစ် တင် သွင်းသောအဆိုကို ဆီးနိတ်လွှတ်တော်မှ အတည်ပြု ရန် ရက်သတ္တပတ်အနည်းငယ် စောင့်ခဲ့ ရသေး၏။

ထိုအချိန်အတွင်းတွင် သူသည် အမေရိကန် သံတမန်ဆက်ဆံရေးနှင့် ကမ္ဘာတစ်လွှား ခေါင်းဆောင်မှု အခန်းကဏ္ဍကို သုံးသပ်လေ့လာနေခဲ့၏ ။ သူနှင့် တစ်ချိန်က ပြိုင်ဘက်ဖြစ်ခဲ့သော ယခု သမ္မတအသစ်အတွက် သူ မည်သို့မည်ပုံ သစ္စာစောင့်သိရမည်ကိုလည်း တွေးတောထား၏။ ဒါ တွေအားလုံးကို စာမေးပွဲတစ်ခု ဝင်ရောက်ဖြေ ဆိုရမည့် ကျောင်းသူတစ် ဦးကဲ့သို့ပင် သူပြင်ဆင် ခဲ့ရ၏။ သူက ယခင်တုန်းက သမ္မတကတော်။ သူ့မှာ နိုင်ငံခြားရေး ပေါ်လစီနှင့် ပတ်သက်၍ အတွေ့အကြုံရှိခဲ့သည် ဟူ ၍ နိုင်ငံခြားခေါင်းဆောင်များ နှင့် လက်ဖက်ရည်ဝိုင်း၊ ထမင်းစား ပွဲများ တွင် ဆက်ဆံပြောဆိုခဲ့ရသည့် အတွေ့အကြုံမျိုးသာ ဖြစ်၏။ သူက သံတ မန်တစ်ဦးလည်း မဟုတ်ခဲ့။ ထို့ကြောင့် ယခုမှ စ၍ လျှောက်လှမ်းရမည့် သူ၏ လမ်းမှာ အတော်ပင် စောက်မြင့်၏။

သို့သော် ဟီလာရီက ဉာဏ်စွမ်းဉာဏ်စနိမ့်သူမဟုတ်။ သူက သင်လွ ယ်တတ်လွယ်သူ။ တစ်ထွာပြ တစ်လံ မြင်တတ်သူ။ ဤအရည်အသွေး ကို သူ့ဘာသာသူလည်း သိသည် ။ တခြား သူတွေကလည်း သိကြ၍ သာ သူ့ကို ဤမျှအရေးကြီးသောတာဝန် ပေးအပ်ခန့်ထားခြင်း ဖြစ်သည် ။ သူ နှင့် ယခင်လုပ်ဖော်ကိုင်ဖက် ဆီးနိတ်လွှတ်တော် အမတ်များကလည်း သူ့ကို အမှတ်ပြည့် ပေးထားခဲ့ကြပြီး ဖြစ်၏။ သူ

နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူလျှင် ပျော့ပျောင်းလွန်းသော သံတမန်ဆက်ဆံရေးမျိုးကို မရွေးချယ်။ မာကျောလွန်းသော စစ်သွေးဆာသည့် ပုံစံမျိုးလည်း မကြိုက်။ ထိုနှစ်ခု ပေါင်းစပ်ကာ လျှော့ကြိုးတင်းကြိုးများ ဖြင့် ပရိယာယ်ပြည့်ဝ၊ မဟာဗျူဟာ မြောက်စွာ ကိုင်တွယ် ဖြေရှင်းသွားရန် ဆုံးဖြတ်ထားပြီး ဖြစ်၏။

ဟီလာရီသည် ပထမ သမ္မတကတော်။ ထိုမှ တစ်ဆင့် ဆီးနိတ်တာလွှတ်တော်အမတ်။ ပြီးတော့ သမ္မတလောင်း ဝင်အရွေးခံသည် ။ သူ့အပေါ် သစ္စာစောင့်သိသော မဲဆန္ဒရှင် သန်းပေါင်း များ စွာ ရှိသည် ။ သို့သော် “အိုဘားမား”ကိုတော့ သူ အရှုံးပေးလိုက်၏။

“အိုဘားမား”က သမ္မတဖြစ်လာတော့ သူ့အရည်အချင်းကို ကောင်းစွာသိသူပီပီ သူ့ကို နိုင်ငံခြားရေးဝန်ကြီး တာဝန် ယုံကြည်စွာ အပ်နှံ၏။ အိုဘားမားက ဟီလာရီကို သူ့အစိုးရအဖွဲ့တွင် အမှန်တကယ် လိုအပ်၍ ဤရာထူး ပေးအပ်ခြင်းဖြစ်သည် ။

ဟီလာရီက ငယ်စဉ်တာဝန်ထမ်းဆောင်ဖူးသော ကင်းထောက်မယ် စိတ်ဓာတ်က ဟု န်းခနဲ ထတောက်လာ၏။ ပေးအပ်သောတာဝန်ကို ဦးလည်မသုန် တာဝန်ကျေစွာထမ်းဆောင်မည်ဟု သန္နိဋ္ဌာန်ချလိုက်၏။ ဟီလာရီက ကစားပွဲအတွက် အဆင်သင့်ဖြစ်နေပြီ။

သို့သော် သူသည် ကော်ဇောနီခင်းကြိုဆိုမှုများ အတွက်ပါ အသင့်ပြင်ထားရ၏။ အရိအသေ ကို ခံယူရန် ပြင်ဆင်ထားရ၏။ ကင်မရာတွေ တဖျပ်ဖျပ်အရိုက်ခံနိုင်ဖို့ အသင့်ပြင်ထားရ၏ ၊ ဤသည် တို့ ပင်လျှင် ရှုံးနိမ့်ခဲ့သော သမ္မတရွေးကောက်ပွဲဝေဒနာကို ကုစားပေးနိုင်မည် ဖြစ်၏။

စိန်ခေါ်မှုအသစ်များကလည်း သူ့ကို စောင့်ကြိုနေသည် ။ သူကလည်း ယုံကြည်မှု အပြည့်အဝဖြင့် ဖွင့်ထား သော တံခါးကို ဟန်ပါ

ပါဖြင့် ဝင်ရောက်တက်လှမ်းခဲ့ပါပြီ။

* * *

နိုင်ငံခြားရေးဝန်ကြီးရုံး၏ ဝင်ပေါက်တံခါးမကြီး ပွင့်သွားသည် ။

"ဖရက်"က နိုင်ငံခြားရေးဝန်ကြီးအတွက် ကားတံခါးဖွင့်ပေးလိုက်သည် ။ အပြင်တွင် စောင့်ကြိုနေသော လူထုကြီးက လက်ခုပ်လက်ဝါးတီးပြီး သြဘာပေးကြိုဆိုကြ၏။ ကားတံခါး ဖွင့်အဆင်း "ဟဲလို၊ ဟဲလို" ဟု အသံခပ် အောင်အောင်နှင့် သူက နှုတ်ခွန်းဆက်သလိုက်၏။

သူက ခေါင်းပေါ် လက်မြှောက်တင်ကာ လက်ခုပ်ပြန်တီး၊ မျက်နှာထား ပြုံးချိုစွာဖြင့် ကော်ဇောနီပေါ်တွင် ရပ်ပြီး ကြိုဆိုနေသော အဆင့်မြင့်အရာရှိကြီးများကို လက်ဆွဲနှုတ်ဆက်၏။ ထို့နောက် သူ၏ ဝန်ထမ်းအသစ်များကို နှုတ်ဆက်သည် ။ ဝန်ထမ်းတစ်ယောက်ကဆိုလျှင် သူ ဆုကြီးတစ်ဆုပေါက်သည့် အလား "တဟေးဟေး" နှင့် အော် ဟစ်နေ၏ ။ ထို့နောက် တံခါးဝတွင် မတ်တပ်ရပ်စောင့်နေသော အစောင့်နှစ်ဦးကို လက်ဆွဲနှုတ်ဆက်ကာ "ဟယ်ရီ အက်(စ်) ထရူးမင်း" အဆောက်အအုံထဲသို့ ဝင်သွားသည် ။

ထိုအထဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်း ရာကျော်က အသင့်စောင့်ကြိုနေကြ၏။ ၂၀၁၁ ခုနှစ်တုန်းက ဗိုလ်ချုပ်ကြီးကောလင်းပါဝယ်လ် နိုင်ငံခြားရေးတာဝန် ထမ်းဆောင်စဉ် ကလည်း ထိုသို့ ကြိုဆိုခြင်းခံခဲ့ရဖူးသည် ။

၂၀၀၅ ခုနှစ်တုန်းကလည်း ကွန်ဒိုလီဇာရိုက်(စ်) နိုင်ငံခြားရေးဝန်ကြီးအဖြစ် လာရောက်စဉ်က အုတ်အုတ်သဲသဲ ကြိုဆိုခြ

င်း ခံခဲ့ရဖူးသည် ။

သို့သော် ဘောလုံးကွင်းတစ်ဝက်စာမျှကျယ်သော နေရာလပ်တွင် လူတွေပြည့်ညပ် နေအောင် ကြိုဆိုမှုမျိုးကား "ဟီလာရီ" အလှည့်ကျမှ ဖြစ်သည် ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သုံးထပ်အဆောက်အအုံအပြည့် လူတွေက "ကျုပ်တို့ ခင်ဗျားကို ချစ်တယ် ဟီလာရီ" ဟု ပွဲတင်ထပ်မျှ အော်ဟစ်ဩဘာလက်ခုပ်တီးကြိုဆိုနေကြပုံမှာ ကြက်သီးမွေးညင်းထစရာပင် ကောင်းလှ၏။

လူအုပ်နောက်ကွယ်မှ လူများကလည်း ဟီလာရီကို မြင်ချင်ဇောနှင့် ခြေဖျားထောက်ပြီး၊ တိုးဝှေ့ပြီး ကြည့်နေကြ၏။ လူတွေက သူတို့ ၏ လက်ကိုင်ဖုန်းများ ဝှေ့ယမ်းကာ ဓာတ်ပုံ ရိုက်နေ ကြ၏။ ရုပ်သံကင်မရာသမားတွေကလည်း လှုပ်ရှားမှုမှန်သမျှ အမိအရရိုက်ကူးကာ ကမ္ဘာ့သတင်းဌာနအသီးသီးသို့ အချိန်နှင့် တပြေးညီ ဖြန့်ဝေနေ ကြသည် ။

သူ့ရှေ့မှ လုံခြုံရေး သုံးဦးက မနည်းလမ်းရှင်းကာ သူ့ကို လမ်းဖောက်ပေးကြ၏။ "ဖရက်" နှင့် လုံခြုံရေး တစ်ဦးက သူ့ဘေးမှ ထက်ကြပ်မကွာလိုက်လာသည် ။

သည် ကြားထဲ နိုင်ငံခြားရေးဌာနအရာရှိအချို့က သူ့ထက်ငါ အလုအယက်ထွက်ပြီး နှုတ်ဆက်နေကြသည် ကိုလည်း ဟီလာရီက ခွန်းတုံ့ပြန်နေရသေးသည် ။ ထို့ကြောင့် ခရီးက သိပ်မတွင် လှ။ နောက်ဆုံးကျမှ ခန်းမတစ်ခု၏ စင်မြင့်ထက်ဆီသို့ သူရောက်လာ၏။ နိုင်ငံခြားရေးဝန်ကြီးဌာန သမဂ္ဂမှ ကိုယ်စားလှယ် "စတိဖ်ကပ်စကင့်" က ဝန်ထမ်းနှစ်သောင်းနှင့် သူ့ကို မိတ်ဆက်ပေး၏။

လူအုပ်ထဲတွင် သူ့ကို ပြုံးပြုံးကြီးကြည့်နေသော "လီဆာမတ် စကာတိုင်း" လည်း ရှိနေ၏။

"လီဆာ" သည် အိမ်ဖြူတော်သမ္မတကတော်ဘဝတုန်းက သူ့အတွက် မိန့်ခွန်းရေးပေးသူ ဖြစ်၏။ "ဟီလာရီ" ၏ မိန့်ခွန်းတော်တော်များများမှာ သူ့လက်ရာပင်ဖြစ်သည် ။ "ဟီလာရီ" က သူ့ကို လှမ်းတွေ့တော့ လက်ဖ့ေယမ်းပြပြီး ခေါင်းလည်း ညိတ်ပြီး နှုတ်ဆက်လိုက်သည် ။ မျက်နှာရှည် ရှည် ပါးဖောင်းဖောင်းနှင့် "ဖရက်" ကတော့ သူ့နောက်မှာ မတ်မတ်ကြီး ရပ်ကာ အရာရာကို မျက်စိဒေါက်ထောက်ကြည့်နေကြ၏။

"ကျွန်မ နှလုံးသားက ပဲ့တင်လာတဲ့ စကားပြောရမယ်ဆိုရင် ဒါဟာ အမေရိကရဲ့ ခေတ်သစ် ပါပဲ"

"ဟီလာရီ" က မိုက်ခရိုဖုန်းမှ တစ်ဆင့် စကားစပြော၏။ သူ့ရှေ့ ညှော် ခန်းဝတွင် ကား အမေရိကန်အစိုးရနှင့် သံခင်းတမန်ခင်းဆက်သွယ်ထားသော နိုင်ငံအသီးသီး၏ အလံတွေ ထောင် ထား၏။ သူက သူရှေ့ဆက်လျှောက်ရမည့် လမ်းမှာ မလွယ်ကူကြောင်း သတိစပေး၏။ ပြဿနာပေါင်းများကို သတိကြီးကြီးနှင့် ကိုင်တွယ်သွားရမည် ဖြစ်ကြောင်း သူ့ဝန်ထမ်းများကို ပြောသည် ။ စကားပြောသည့် အခါ လက်ယာဘက်လက်ကိုမြှောက်ကာ အားနှင့် မာန်နှင့် ပြောနေသည် ။ သူပြောဆိုပုံမှာ အားမာန်ပါလွန်း၍ နိုင်ငံရေးတရားဟောနေသည် နှင့် ပင် တူနေသည် ။

တကယ်တော့လည်း အမေရိကန်နိုင်ငံခြားရေးပေါ်လစီယန္တရားကြီးကို အသက်သွင်း မောင်းနှင်နေသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ထမ်းများကို စိတ်ဓာတ်မြှင့်တင်ရေးတရား ဟောနေ ခြင်းလည်း ဖြစ်သည် ။ သမ္မတ "အိုဘားမား" နှင့် ဒုတိယသမ္မတ "ဂျိုးဘီဒင်" တို့ လည်း နိုင်ငံခြား ရေးဌာနသို့ လာမည်ဖြစ်ကြောင်း သူက ပြောပြတော့ သြဘာသံတွေ ပို၍ ညံစီသွား၏။

“ဒါက အသင်းအဖွဲ့တစ်ခုပဲ။ ရှင်တို့ အားလုံးဟာ အသင်းအဖွဲ့ဝင်တွေပဲ။ ဒီအမေရိကန် အသင်းအဖွဲ့မပါဘဲ သမ္မတလည်း ဘဲဥပုံရုံးခန်းကနေ ဘာမှ မလုပ်နိုင်ဘူး။ ကျွန်မလည်း ဘာမှ မလုပ်နိုင်ဘူး။ အမေရိကန်နိုင်ငံတော် အတွက် ဒီကအသင်းအဖွဲ့ဝင်တွေ မပါဘဲ ဘာမှ မလုပ်နိုင် ပါဘူး”

ဤနေရာ ဤရုံးသို့ ယခင်ကလည်း “ဟီလာရီ” မကြာခဏ ရောက်ခဲ့ဖူးပါသည် ။ သူ့ခင်ပွန်း သမ္မတအဖြစ် တာဝန်ယူစဉ်က သမ္မတကတော်အနေဖြင့် ရောက်ရှိခဲ့ခြင်းသာ ဖြစ်၏။

သို့သော် ယခုတစ်ကြိမ် သူရောက်လာခြင်းက ယခင်ကနှင့် မတူ။ ယခုက အလုပ်လုပ်ဖို့ လာတာ။နိုင်ငံခြားရေးဝန်ကြီးအဖြစ် နိုင်ငံတော်အတွက် အလုပ်အကျွေးပြုရန် လာခြင်း ဖြစ်၏။

သူရုံးထိုင်တာက အထပ်ခုနစ်ထပ်မြောက်တွင် ဖြစ်၏။ ယနေ့သည် သူ့တာဝန်ကို ပထမဆုံး တာဝန်ထမ်း ဆောင်နေသောနေ့ဖြစ်သည် ။ ထို့ကြောင့် သူသွားရာလမ်းတစ်လျှောက်ရှိ ဌာနခွဲတိုင်း သို့ဝင်ပြီး တာဝန်ခံပုဂ္ဂိုလ်များကို နှုတ်ဆက်သည် ။ ယခင် နိုင်ငံခြားရေးဝန်ကြီး “ကွန်ဒိုလီ ဇာရိုက်(စ်)” ရုံးထိုင်သောအခန်းတွင် သူ အလုပ် လုပ်ရတော့မည်။

ကွန်ဒိုလီဇာရိုက်(စ်)နှင့် သူ ပထမဆုံး တွေ့ဖူးတာက ၁၉၉၆ ခုနှစ် ဩဂုတ်လ။

“ရိုက်(စ်)” က ထိုစဉ်က စတင်းဖို့ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေချိန်။

“ဟီလာရီ” သမီး “ချယ်(လ်)ဆီ” က ဘယ်တက္ကသိုလ်တက်ရမှန်းမသိ ဝေခွဲမရ ဖြစ်နေ ချိန်တွင် “ရိုက်(စ်)”က အမေရော သမီးပါ ဖိတ်ကြားကာ ကျောင်းပရဝဏ်ကို လိုက်ပြပေးခဲ့၏။

"ဟီလာရီ" အထက်လွှတ်တော်အမတ်ဖြစ်လာတော့ အမျိုးသမီးနှစ်ဦးသည် ရှစ်နှစ်နှင့် သုံးပတ်အကြာ မကြာခဏ စကားလက်ဆုံကျခဲ့ဖူးသည် ။ "ဟီလာရီ" တို့ ဒီမိုကရက်တစ် ပါတီဝင် အများ စုက "ရီပတ်ပလီကန်" အစိုးရအပေါ် သိပ်ဘဝင်မကျသဖြင့် ခပ်ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ဘူး၏။

ယခုတော့ "ဟီလာရီ" ပင်လျှင် "ရိုက်(စ်)" ၏ ရာထူးနေရာ ရောက်နေပြန်ပြီ။ "ရိုက်(စ်)" ထိုင်သောရုံးခန်း တွင် ပင် ထိုင်နေရပြီ။

အိမ်ဖြူတော်မှာ ကလည်း "အပြောင်းအလဲ" ဟု ကြွေးကြော်နေသော သမ္မတအသစ်က ရုံးထိုင်နေသည် ။

ရုံး၏ ဒုတိယအထပ်တွင် "ဖရက်" ၏ ရုံးခန်း ရှိသည် ။ သူ့အလုပ်ကတော့ သံတမန် လုံခြုံရေးအုပ်စုကို ထိန်းချုပ်ရခြင်း ဖြစ်၏။ "ဟီလာရီ" ၏ လှုပ်ရှားမှုအားလုံးကို မျက်စိဒေါက်ထောက် ကြည့်ကာ လုံခြုံရေးအတွက် စီမံပေးရ၏။ ပြည်တွင်းမှာ သာမက ပြည်ပတွင် လည်း လုံခြုံရေး လိုက်ယူပေးရသည် ။

သူက ကိုယ်လုံးကိုယ်ထည် ခပ်ကျစ်ကျစ်၊ နှာတံပေါ်ပေါ်နှင့် လုံခြုံရေးအရာရှိပုံထက် ဘဏ်သူဌေးပုံ ပိုပေါက်နေ၏။ သူ့အခန်းနှင့် စားလွယ်ခုတ်လောက်တွင် အခန်းနံပါတ် ၂၂၀၆ ရှိသည် ။ ဤအခန်းတွင် သတင်းစာ ရှင်းလင်းပွဲများ ကျင်းပလေ့ရှိသည် ။ သတင်းထုတ်ပြန်ရေး အဖွဲ့က ရုံးထိုင်သည့် အပြင် အမေရိကန်သတင်းစာ၊ ရေ ဒီယို၊ ရုပ်မြင်သံကြား ကွန်ယက်များ အတွက် သီးသန့်စားပွဲတွေလည်း စီစဉ်ထား၏။ အေပီ၊ ရိုက်တာ၊ အေအက်ဖ်ပီ စသော နိုင်ငံတကာသတင်းဌာနအသီးသီး၏ ရုံးခွဲများ လည်း ရှိ၏။

ယနေ့လည်း "ဟီလာရီ" သည် တာဝန်ထမ်းဆောင်လျှင်ထမ်းဆောင်

ချင်း သတင်းစာ ရှင်းလင်းပွဲလုပ်၏။ တက်ရောက်လာသူ သတင်းဌာန အသီးသီးက မိမိကိုယ်မိမိ မိတ်ဆက်ကြသည် ။ နာမည်အသီးသီးကို အ လွတ် ကျက်သည့် ပမာ "ဟီလာရီ" က အခေါက်ခေါက်အခါခါ ပြန်ရွတ် ၏။ တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်၏။ စက်ရုပ်ဆန် ဆန် ခေါင်းညိတ်၏ ။ ပြုံးပြ၏။

သူ့အပြုံးကို အဓိပ္ပါယ်ဖတ်၍ ရသည် ။ တာဝန်ထမ်းဆောင်နေသော နိုင်ငံရေးသမား၏ အပြုံးမျိုး။

"ဒီရုံးခန်းအပြင်အဆင်က အိမ်ဖြူတော်ထက်တောင် ကောင်းသေး တယ်" ဟု သူက စပြော၏။

ထို့နောက် သူက ဧရာမ အစည်းအဝေးခန်းမစားပွဲကြီး၏ ထိပ်တွင် ဝင်ထိုင်လိုက်သည် ။

"နိုင်ငံခြားရေးဝန်ကြီးခင်ဗျား၊ မြောက်ကိုရီးယားနှင့် ပတ်သက်လို့ ဘယ်လိုသဘောထားပါ သလဲ"

"အီရန်အပေါ် အမြင်ကို ပြောပြပါ နိုင်ငံခြားရေးဝန်ကြီး"

"အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးကိုကော ဘယ်လိုမြင်ပါသလဲ"

မေးခွန်းတွေ တစ်ယောက်စီ ဆက်တိုက်မေးကြသည် ။

"ဟီလာရီ"က လိပ်ပတ်လည်အောင် ဖြေနိုင်သည် ။

"ကျွန်မတို့ ပြန်ပြင်ဖို့ ရာ အပျက်အစီးတွေက သိပ်အများကြီးရှိနေတ ယ်"

နိဂုံးချုပ်တွင် သူက ဤသို့ပြော၏။

ကျွန်မ အမေက ဒတ်ချ်လူမျိုး၊ ကျွန်မ အဖေက လက်ဘနွန်လူမျိုး၊

ကျွန်မ နေတာက ဘေရွတ်မြို့။

ကျွန်မအလုပ်က သတင်းထောက်။

ယခု "ဟီလာရီကလင်တန်" ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ပထမဆုံးပြုလုပ်သော သတင်း စာရှင်းလင်းပွဲကို ကျွန်မ တက်နေရပြီ။ ကျွန်မနာမည်က "ကင်မ်ဂါးထားစ်" ဖြစ်သည် ။ ပြည်တွင်း စစ်ဖြစ်နေစဉ်ကာလ ရှေ့တန်းစစ် မျက်နှာဖြစ်သော "ဘေရွတ်" မြို့တွင် ကျွန်မ ကြီးပြင်းလာ ခဲ့ရသည် ။ ကျွန်မ အဖေ အမြဲပြောတတ်သောစကားကို အမှတ်ရမိနေသည် ။

"အမေရိကန်ကသာ စစ်ရပ်စဲချင်ရင် နက်ဖြန်ဆို စစ်ပြီးသွားမှာ ပဲ"

တိုက်ပွဲသံတွေ တိတ်ဆိတ်သွားရန် သူ ၁၅ နှစ်မျှ စောင့်ခဲ့ရသည် ။ ၁၉၇၆ မှ ၁၉၉၉၊ လူပေါင်း ၁၅၀,၀၀၀ သေဆုံးပြီးခါမှ ။ လူတွေ သေကြေကျေကြတာကို အမေရိကက ဂရုမစိုက် ဘူးလား။ သွေးမြေကျနေတာကို ရပ်ပစ်ဖို့ သူ့မှာ ပါဝါမရှိဘူးလား။ ကိုလိုနီ လက်သစ်နယ်ချဲ့တွေရဲ့ ပါဝါလုပွဲမှာ ကျွန်မတို့ ပြည်သူတွေက စစ်တုရင်ခုံပေါ်က နယ်ရုပ်လေးတွေလား။ အဝေးမှာ ရှိနေတဲ့ အမေရိကက ကျွန်မတို့ နိုင်ငံမှာ စစ်ဖြစ်နေတာ ဘာဖြစ်လို့ ဝင်စွက်နေ တာလဲ။

ကလေးဘဝက ကျွန်မ ထိုသို့သော မေးခွန်းများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို တိုက်ရိုက်မေးခွင့်ရလိမ့်မည်ဟု စိတ်ပင်မကူးမိပါ။ နောက်တော့ ကံစီမံ လာပြီး ကျွန်မသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းဌာနတွင် သတင်းထောက်အဖြစ် တာဝန်ထမ်း ဆောင်ခွင့်ရလာသည် ။

ဝါရှင်တန်မှ ဘေရွတ်အထိ သူနှင့် အတူ အမေရိကန်လေယာဉ်ပျံကြီးတစ်စင်းထဲတွင် အတူတူ စီးနင်းလိုက် ပါခွ

င့်ရခဲ့၏။ လက်ဘနွန်စစ်ပွဲတွင် အမေရိကန်တွေ တော်တော် မျက်နှာ ပျက်ခဲ့ရ၏။

လက်ဘနွန်ကို ကယ်တင်ရန် သူမှ တစ်ပါး အခြားမရှိဟု အမေရိကန်က ထင်နေပုံရသည် ။

ကျွန်မတို့ မိသားစုက ကြားနေအမြင် ရှိ၏။ လစ်ဘရယ်ကျ၏။ ဘာသာတရား ကိုင်းရှိုင်း၏။ ကျွန်မတို့ အနေ ဖြင့် အမေရိကန်ကို သိပ်အားမကိုးသကဲ့သို့ ဆိုဗီယက်ယူနီယံ၊ အီရန်၊ ဆီးရီးယား တို့လိုလည်း ဘက်မလိုက်။ ကျွန်မ တို့ နိုင်ငံက နိုင်ငံရေးအတွေးအခေါ်မျိုးစုံ ရှင်သန်သော နိုင်ငံ။ ဘာသာရေးယုံကြည်မှုမျိုးစုံရှိသော နိုင်ငံ။

ကျွန်မ ၁၃ နှစ်သမီး အရွယ်ကပင် စစ်အတွေ့အကြုံများ ရင့်ကျက်လာပြီး သတင်းစာ ဆရာဖြစ်အောင် လုပ်မည်ဟု သန္နိဋ္ဌာန်ချခဲ့၏။ လက်ဘနွန်နှင့် ဘေရွတ်ဆိုလျှင် လေယာဉ်ပျံ ပြန်ပေးဆွဲတာတို့ ၊ သွေးဆာနေသော သေနတ်သမားတို့ နှင့် တွဲပြီး လူတွေက မြင်နေကြသည် ။ ကျွန်မတို့ နိုင်ငံ ပုံရိပ်အစစ်ကို ကမ္ဘာသို့ ကျွန်မ ရှင်းပြချပြချင်သည် ။ ထို့ကြောင့် သတင်းစာ ဆရာလုပ်ရန် စိတ်ပိုင်းဖြတ်လိုက်ခြင်း ဖြစ်၏။

အထက်တန်းကျောင်းအပြီးတွင် ကျွန်မမိတ်ဆွေအများ စုမှာ လက်ဘနွန်မှ ထွက်ခွာကာ ဥရောပနှင့် အမေရိကန်တက္ကသိုလ်များ တွင် ပညာဆက်သင်ကြ၏။ ပိုမိုကောင်းမွန်သော၊ ပိုမိုဘေး ကင်းသောအနာဂတ်ကို တည်ဆောက်ရန် သူတို့ မျှော်လင့်ကြ၏။ ကျွန်မကတော့ ကလေးဘဝက အိပ်မက်ကိုပင် ဆက်မက်ကာ ဘေရွတ်တွင် ပင် ဆက်နေခဲ့သည် ။

ကျွန်မကအမေရိကန်နှင့် ဥရောပသတင်းစာများ တွင် ကျွန်မတို့ နိုင်ငံနှင့် ပတ်သက်၍ သတင်း များ ရေးပေးခဲ့၏။ သို့ဖြင့် ဗြိတိသျှအသံလွှင့်

ဌာနတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား သတင်းစာ ဆရာအလုပ်ကို ရခဲ့၏။ နိုင်ငံရေး မတည်ငြိမ်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများ၊ ပုန်ကန်ထကြွမှုများ၊ စစ်ပွဲများ ဖြင့် ထုံမွှမ်းနေသော လက်ဘနွန်နှင့် ပတ်သက်၍ သတင်းများ စွာ ကျွန်မ ပေးပို့နိုင်ခဲ့၏။ သို့ဖြင့် ၂၀၀၈ ခုနှစ် အသက် ၃၂ နှစ်ကျမှ ဘေရွတ်မှ ထွက်ခွါက ဝါရှင်တန်တွင် နေထိုင်ဖြစ်လာ၏။ ဘီဘီစီ၏ သတင်းထောက်အလုပ်ကို ဝါရှင်တန်မှာ ပင် ဆက်လုပ်၏။

ကျွန်မနှင့် တွဲဖက်လုပ်ကိုင်သော ဘီဘီစီဝန်ထမ်းအားလုံးမှာ ဗြိတိသျှလူမျိုးတွေချည်း ဖြစ်၏။ သို့သော် ကျွန်မ သက်တမ်းတစ်ခုလုံး အမေရိကန်၏ နိုင်ငံခြားရေးပေါ်လစီကိုသာ အသေး စိတ်လေ့လာခဲ့သဖြင့် ကျွန်မကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထောက် အဖြစ် ဘီဘီစီက တာဝန်ပေးခဲ့၏။ ကျွန်မ လန်ဒန်မှ ကဘူးလ်မှ ပေကျင်းသို့ ခရီးများ စွာ ထွက်ရ၏။ ကျွန်မ အတွေ့အကြုံများ အရ အမြင်တွေ ပိုကျယ်ပြန့်လာ၏။

အမေရိကန်၏ နိုင်ငံခြားရေးပေါ်လစီအပြောင်းအလဲခေတ်တွင် ကျွန်မ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင် တန်နှင့် ပိုပြီး နီးနီးကပ်ကပ်ဆုံတွေ့ခွင့်ရခဲ့၏။ သူ့အရည်အချင်းတွေ ပိုသိလာရ၏။ ဟီလာရီကို မိတ်ကပ်လိမ်းပြီး သားရော၊ မိတ်ကပ်မလိမ်းမီ နဂိုရုပ်ရော ပိုသိလာ မြင်လာရသည် ပဲ ဆိုပါစို့။

* * *